
# မင်းမြတ်သူရ

## သွေးဆာနေတဲ့ အပျိုစင်



မပန်းဝါတို့မိသားစုသည် ဧရာဝတီမြစ်ပြင်ကျယ်၌ နေထိုင်ကြ၏။ ထိုသို့နေထိုင်ရင် နွေရာသီ ချောင်းမြောင်းများတွင် ငါးရှာရခက်သောအချိန်ကာလနှင့် ကြုံတွေ့ခဲ့ရလေ၏ ထိုအခါ လုံ့လဝီရိယရှိသော တံငါသည်အချို့သည် မြစ်ဝေးကမ်းဝေးသို့ အရဲစွန့်၍ သွားပြီး ငါးရှာထွက်ကြ၏။

ထိုသို့ ငါးရှာထွက်ရင်း ဝေးလံလှသော တံငါစုသို့ မပြန်တော့ဘဲ ဖြစ်ပြင်ကျယ်၌ သာ နေထိုင်လေတော၏ နောက်ပိုင်းတွင် တံငါသည်များသည် မိသားစုကို အပါခေါ်ပြီး လှေကို အိမ်လုပ်၍ နေထိုင်လေတော့၏

မပန်းဝါ၏ ဖခင်သည် မြစ်ဝေးကမ်းဝေးသို့ ငါးရှာထွက်သော တံငါသည်တစ်ယောက်ပင်ဖြစ်၏

မပန်းဝါတို့သည် လှေကိုအိမ်လုပ်၍ နေထိုင်ရင်း နွေရာသီသောင်ထွန်းသောအချိန်ကာလ၌ နီးစပ်ရာသောင်ပြင် သို့ တက်ပြီးတဲထိုး၍ နေထိုင်လေ၏

တံငါသည်များသည် နေ့ဘက်တွင် ငါးရှာ၍ ညဘက်၌ သောင်ပြင်တဲများတွင် နားခိုကြ၏ မပန်းဝါသည် လိမ္မာသော သားသမီးပီပီ မြစ်ပြင်ကျယ်၌ အိမ်လုပ်၍ နေထိုင်သော မိဘများကို သနားဂရုဏာသက်မိ၏

မိဘများ ပင်ပန်းဆင်းရဲ့စွာ ငါးဖမ်းနေခြင်းကို မကြည့်ရက်နိုင်ချေ။ စီးပွားရေးအခြေအနေပေးပါက မိဘများ ကို ကုန်းပေါ်မှာ အိမ်ဆောက်ပြီး အေးအေးလူလူ နေစေချင်၏ မပန်းဝါတို့မိသားစုသည်ရွာ၌ အတည်တကျ နေသူများထက် ငါးပိုမိုရရှိသော်လည်း ဆင်းရဲဒုက္ခမျိုးစုံကို ပိုမိုကြုံတွေ့ရ၏

မြစ်ဝေးကမ်းဝေး ငါးဖမ်းသူများသည် နွေဦးကာလ ပြင်းထန်သောလေပြင်းများ၏ အန္တရာယ်ကိုလည်း ခံရသေး၏

မည်သို့ပင်ဖြစ်စေ တစ်နေ့လုပ်တစ်နေ့စားရသော တံငါသည် မိသားစုအတွက် ရွေးချယ်စရာလမ်းမရှိချေ။

မပန်းဝါသည် ငယ်စဉ်ကပင် သူတစ်ပါး ကလေးများကဲ့သို့ စာသင်ချိန်မှာ စာမသင်နိုင်ဘဲ မြစ်ပြင်ကျယ်၌ သာ အချိန်ကုန်၏

မပန်းဝါ အပျိုပေါက်အရွယ်သို့ရောက်သောအခါ ချောင်းဆိုးသွေးပါရောဂါဖြင့် မိခင်ကြီး ရုတ်တရက်ဆုံးပါး သွား၏ ။

ထိုအချိန်မှစ၍ မပန်းဝါသည် မိတဆိုးသမီးဖြစ်ခဲ့ရ၏

ဖခင်၏ အသက်အရွယ်ကြီးရင့်ခဲ့သော်လည်း ဘုရားသွားကျောင်းတက် မပြုလုပ်နိုင်ဘဲ တံငါသည်ဘဝနှင့် အချိန်ကုန်နေရ၏

တစ်နေ့တွင် ဆင်းရဲနွမ်းပါးသော တံငါသည်သားအဖသည် ကြမ္မာဆိုးကြီး တစ်ခုနှင့်ကြုံတွေ့ခဲ့ရလေ၏ ။

ထိုကြမ္မာဆိုးကြောင့်ပင် မပန်းဝါ၏ ဘဝသည် အပြောင်းလဲကြီး ပြောင်းလဲသွားလေတော့၏ ။

မပန်းဝါတို့ သားအဖသည် နွေရာသီ သောင်ထွန်းချိန်ရောက်သဖြင့် မြစ်ကမ်းနံဘေးရှိ သောင်ပြင်၌ တဲဆောက် ပြီးနေကြ၏ ။

မပန်းဝါတို့ တဲဆောက်သောသောင်ပြင်၌ အခြားသောတံငါသည်မိသားစုများ၏ တဲအိမ်များလည်းရှိ၏ ။ ထိုတဲအိမ်များမှ တံငါသည်များသည် အုပ်စုဖွဲ့၍ ညစဉ် သောက်စားမူးယစ်နေသဖြင့် မပန်းဝါတို့သားအဖအတွက် အနှောင့်အယှက်ဖြစ်ရ၏ ။

ထိုသို့ သောက်စားမူးယစ်နေသော တံငါသည်များသည် မပန်းဝါထံသို့

မကြာခဏလာရောက်၍ ရိသဲ့သဲ့ပြောဆိုကြ၏။

မပန်းဝါ၏ ဖခင်သည် ငှက်ကြီးတောင်ဓားကို ထုတ်၍ သွေးပြသောအခါမှပင် တံငါသည်များ ထိတ်လန့် သွားပြီး

"အဘိုးကြီး ဓားထက်ပုံရတယ်၊ မလွယ်ဘူးဟေ့"

ဟုဆိုကာ ရှောင်ကွင်းသွားလေ၏။

သောင်ပြင်၌ ဆက်လက်နေထိုင်လျှင် အပျိုပေါက်အရွယ်သမီးငယ်အတွက် အန္တရာယ်များလှသဖြင့် ထိုနေရာမှ ပြောင်းရွှေ့ရန် ပြင်ဆင်လေတော့၏။

သို့သော် ထိုနေ့ညနေမှာပင် သောင်ပြင်သို့ ပုလိပ်များမမျှော်လင့်ဘဲရောက်ရှိပြီး တံငါသည်များကို ဓားပြမှုနှင့် ဖမ်းဆီးလိုက်လေ၏။

ထိုသူများသည် တံငါသည်အယောင်ဆောင်ပြီး အနီးအနားမြို့ရှိ ချစ်တီးတိုက်ကို ဓားပြတိုက်သွား သူများဖြစ်၏။

ပုလိပ်များသည် မပန်းဝါ၏ ဖခင်ကိုပါ ထိုသူများနှင့် တစ်ဖွဲ့တည်းထင်ပြီး ဖမ်းဆီးလေ၏။

မပန်းဝါ၏ ဖခင်က ဓားပြများနှင့် မပတ်သက်ကြောင်းအကြိမ်ကြိမ်အဖန်ဖန် ရှင်းပြသော်လည်း ပုလိပ်များ က နားဝင်ဟန် မရှိချေ။

မပန်းဝါသည် အဖမ်းခံရ ဖခင်အတွက် ရတက်ပွေပြီးဂါတ်တဲ ရှေ့ထမင်းဆိုင်၌ တစ်ညလုံးထိုင်နေလေ၏။ ဂါတ်တဲအတွင်းသို့ဝင်၍ ပုလိပ်များကိုလည်း အပြစ်မရှိကြောင်းတောင်းပန်လေ၏။

ပုလိပ်များသည် မပန်းဝါကို ဂရုဏာသက်ခြင်းမဖြစ်ဘဲ

လျှောင်ပြောင်သရော်ကြကုန်၏။

ထိုအခါ မပန်းဝါသည် ဖခင်အတွက် ရတက်ပွေသည်ထက်ပွေလာ၏။ မပန်းဝါ၏ ဖခင်ကို ဖမ်းဆီးထားသော ဂါတ်တဲရှိ ဌာနအုပ်မှာ ဦးဘကြိုင်ဆိုသူဖြစ်၏။ ဦးဘကြိုင်သည် လွန်စွာမိန်မလိုက်စားသူဖြစ်သဖြင့်မပန်းဝါကို မြင်သောအခါ သမီးအရွယ်ဟူ၍ ပင် မမြင်တော့ဘဲ ဖျတ်ဆီးရန်ကြံလေ၏။

ဌာနအုပ်ဘကြိုင်သည် တပည့်ဖြစ်သူ ပုလိပ်သားဝင်းစိုးအား မပန်းဝါကို စည်းရုံးရန် လွှတ်လိုက်၏။

ပုလိပ်သားဝင်းစိုးသည် မပန်းဝါကို လက်ဖက်ရည်ဆိုင်သို့ ခေါ်၍

"နင့်အဖေမှာ အပြစ်မရှိဘူးဆိုရင် လွှတ်မှာပါ၊ ဒါပေမဲ့ အပြစ်မရှိကြောင်း ဌာနအုပ်ကြီးသိအောင် ပြောပြဖို့လိုတယ်"

ဟုပြောလိုက်ရာ မပန်းဝါသည် ဖခင်လွတ်မြောက်ရေးအတွက် စိတ်အားထက်သန်သွားပြီး

"ဌာနအုပ်ကြီးသိအောင် ကျွန်မပြောပြပါ့မယ်၊ ဘယ်မှာသွားပြောရမှာလဲ"

ဟုမေးမြန်းလေ၏။ ဝင်းစိုးက ခေါင်းတဆတ်ဆတ်ညိတ်၍

"မြို့ထဲက ဌာနအုပ်ကြီးရဲ့အိမ်လိပ်စာကို ငါပေးလိုက်မယ်၊ ဒါပေမယ့် ဒီအကြောင်းတွေကို ပတ်ဝန်းကျင်သိ သွားရင် မကောင်းဘူး၊ နင် နှုတ်လုံဖို့တော့လိုတယ်၊ ဒီသတင်းပေါက်ကြားသွားရင် နင့်အဖေ မလွတ်ဘဲ ထောင်နန်းစံရလိမ့်မယ်"

ဟုပြောလေရာ မပန်းဝါသည် အန္တရာယ်ကိုပင် မမြင်ဘဲ လူယုတ်မာ ဝင်းစိုးအား ကျေးဇူးတင်၍ ပင် နေလေ ၏။

မပန်းဝါသည် ဖခင်လွတ်မြောက်ရေးအတွက် ဌာနအုပ်ကြီး၏

အိမ်လိပ်စာအတိုင်းလိုက်သွားလေ၏ ။

မပန်းဝါသည် လူခေါ်ခေါင်းလောင်းကိုထိုးလိုက်သော်လည်း အိမ်ထဲမှ တုံ့ပြန်သံမကြားရသဖြင့် ခြံတံခါးကို တွန်းဖွင့်ပြီး ဝင်ရောက်သွားလေ၏ ။

မပန်းဝါသည် အိမ်တံခါးဝသို့ရောက်သောအခါ ဧည့်ခန်းထဲ၌ အရက်သောက်နေသော ဌာနအုပ်ဘကြိုင်ကို တွေ့လိုက်ရ၏ ။ မပန်းဝါက ဌာနအုပ်ဘကြိုင်ကိုကြည့်၍

"ဌာနအုပ်ကြီးရှင့်၊ ကျွန်မ ပြောစရာရှိလို့ပါ"ဟုဆိုလိုက်ရာ ဌာနအုပ်ဘကြိုင်က

"ပြောစရာရှိလျှင်အိမ်ထဲဝင်ပြော၊ တံခါးဝမှာအော်မနေနဲ့"ဟုခွင့်ပြုလိုက်လေ၏ ။မပန်းဝါ အိမ်ထဲသို့ ရောက်သောအခါ ဌာနအုပ်ဘကြိုင်က

"မင်းပြောတဲ့စကားက လျှို့ဝှက်တဲ့စကားဆိုရင် သူများတွေကြားလို့မဖြစ်ဘူး၊ တံခါးကိုပိတ်လိုက်ပါ" ဟုပြောလေရာမပန်းဝါသည် အိမ်တံခါးကိုပိတ်လိုက်၏ ။တံခါးပိတ်ပြီးသောအခါ ဌာနအုပ်ဘကြိုင်သည် ဌာနအုပ် ဘကြိုင် သည်မပန်းဝါ၏ တစ်ရစ်သော ကိုယ်ခန္ဓာကိုကြည့်၍

"ပြောချင်ရင် ဒီအနားကိုတိုး"ဟုခေါ်ကာ မပန်းဝါကို အနီးသို့ခေါ်လိုက်၏ ။မပန်းဝါသည် ဌာနအုပ်ဘကြိုင် အားဖခင်၌ အပြစ်မရှိကြောင်း တတွတ်တွတ် ရှင်းလင်းပြနေ၏ ။ဌာနအုပ်ဘကြိုင်သည် မပန်းဝါ၏ ရှည်လျားသော စကားများကို နားမထောင်လိုတော့ဘဲ လက်ကာပြ၍

"တော်ပြီ၊ မကြားချင်တော့ဘူး၊ မင်းအဖေမှာ အပြစ်ရှိတယ် မရှိဘူးဆိုတာ ငါ့ဆုံးဖြတ်ချက်က အဓိကပဲ၊ ငါစိတ်ဆိုးရင် မင်း အဖေဒုက္ခရောက်မယ်၊ ဒါကြောင့် ငါစိတ်ဆိုးအောင်မလုပ်နဲ့"

ဟုဆိုကာ မပန်းဝါအားဖက်၍ အနီးရှိ ခုံတန်းလျားပေါ်သို့ ဆွဲချလိုက်၏။ ပြီးနောက် သူမ၏ နှုတ်ခမ်းများကို နမ်းစုတ်၍ အပေါ်အကျႌကို ကြမ်းတမ်းစွာ ဆွဲချွတ်လေ၏။ မပန်းဝါက အထိတ်တလန့်ရုန်းကန်နေစဉ် ဥာနအုပ်ကြီး၏ လက်များက ခန္ဓာကိုယ်အနှံ့ ပွတ်သပ်ဆုပ်နယ်လေရာ မပန်းဝါသည် မိန်းမောသွားလေ၏။ တစ်နာရီခန့်ကြာလျှင် မပန်းဝါသည် ဥာနအုပ်ကြီးကို ဒေါသတကြီးကြည့်၍

"လူယုတ်မာကြီး၊ လူယုတ်မာကြီး"ဟုအော်ဟစ်နေလေ၏။ ဥာနအုပ်ကြီးသည် သဘောကျဟန်ဖြင့်ရယ်မော လိုက်ပြီး . . .

"မင်းဟာ အတော်ချစ်ဖို့ကောင်းတဲ့ကောင်မလေးပဲ၊ မင်း ဘယ်လောက်ချစ်ဖို့ကောင်းသလဲဆိုတာ ငါနောက်တစ်ကြိမ်ထပ်စမ်းမယ်"ဟုဆိုပြီး မပန်းဝါကို ပွေ့ဖက်လိုက်လေ၏။

ထိုအခိုက်မှာပင် ဥာနအုပ်ကြီး၏ အိမ်တံခါးသည် ဝုန်းခနဲပွင့်သွားပြီး တံခါးဝ၌ မပန်းဝါ၏ ဖခင်ကို မြင်လိုက်ရ၏။မပန်းဝါသည် ဖခင်ကိုမြင်သောအခါ ဝမ်းနည်းစွာဖြင့်

"အဖေ"

ဟုခေါ်ပြီးထွက်ပြေးသွားလေ၏။မပန်းဝါ၏ ဖခင်သည် သမီးဖြစ်သူ၏ အဝတ်အစားများကို ကြည့်၍ အခြေအနေကို သဘောပေါက်ပြီးဒေါသတကြီးတက်ခေါက်ကာ

"တောက် . . . ကိုယ့်သမီးအရွယ်ကို စော်ကားချင်တဲ့ လူယုတ်မာ သေပေတော့"ဟုဆိုပြီး လက်ထဲရှိ မိုန်းဖြင့် ထိုးရန်ပြင်လေရာ ဥာနအုပ်လူယုတ်မာသည် ပြတင်းပေါက်မှ ခုန်ချ၍ ပြေးလေ၏။

ထိုအခိုက်မှာပင် အိမ်ထဲသို့ ဥာနအုပ်ကြီး၏ တပည့် ဝင်းစိုးဝင်ရောက်လာပြီး"ဓားပြဗျို့ ဓားပြ၊ ဓားပြ"ဟု အော်ဟစ်နေလေရာ

ဖခင်ကြီး၏ မိုန်းချက်မိပြီး ထိုနေရာမှာပင် အသက်ထွက် သွားလေ၏ ။ ဖခင်ကြီးက သေဆုံးနေ သော လူယုတ်မာဝင်းစိုးကိုကြည့်၍

“ငါ့သမီးအရှက်နဲ့ ကြိုးစင်လဲဆိုလဲ လဲရဲတယ်ကွ”

ဟုကြုံးဝါးနေလေ၏ ။

***

မပန်းဝါ၏ ဖခင်သည် ပုလိပ်များ စစ်ဆေးပြီး ဓားပြများနှင့် မပတ်သက်ကြောင်းသိရသဖြင့် အချုပ်မှ လွတ်မြောက်ခဲ့၏ ။ ထိုသို့ လွတ်မြောက်လာသော ဖခင်ကြီးအား သားသမီးချင်းစာနာသော ထမင်းရှင်ကြီးက

“ခင်ဗျားရဲ့သမီးလေး တဏှာရူး ဌာနအုပ်ကြီးဆီလိုက်သွားတယ်၊ ဒီလူကြီးဟာ လူယုတ်မာဝင်းစိုးနဲ့ပေါင်းပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတာကြာပြီ၊ မြန်မြန်လိုက်သွားပါ” ဟု ပြောဆိုသဖြင့် ဖခင်ကြီးသည် သမီးအတွက် ရတက်ပွေပြီး ဌာနအုပ်ကြီးဆီသို့ လိုက်ခဲ့ခြင်းဖြစ်၏ ။

မကြာမီ ပုလိပ်များရောက်လာပြီး ဖခင်ကြီးကို လူသတ်မှုဖြင့် ဖမ်းဆီးခေါ်ဆောင်သွားလေ၏ ။မပန်းဝါတို့ သားအဖ၏ အဖြစ်ဆိုးသည် မြို့တွင်းသို့ တောမီးကဲ့သို့ပြန့်နှံ့သွားလေရာ တစ်မြို့လုံးက ဂရုဏာ သက်ကြ၏ ။ မပန်းဝါကို မိတဆိုးသမီးလေးဟု သိရသဖြင့် ပိုမိုဂရုဏာသက်ကြ၏ ။

မပန်းဝါသည် ဆွေမဲ့မျိုးမဲ့ဖြစ်သဖြင့် ဖခင်ကြီး အချုပ်ကျနေခိုက် မည်သည့်အရပ်သို့ သွားနေရမည်မှန်း မသိချေ။ မပန်းဝါ၏ သနားစဖွယ်အဖြစ်ကို ထိုမြို့၏ ကွန်ဗင့်ကျောင်းမှ ကျောင်းအုပ်သီလရှင်ကြီး သိသွားပြီး မပန်းဝါကို သူမ၏ အိမ်သို့ ခေါ်ဆောင်သွားလေ၏ ။

ဤသို့ဖြင့် မပန်းဝါသည် သီလရှင်များ၏ အုပ်ထိန်းမှုအောက်သို့

ရောက်ရှိသွားလေ၏ ။သီလရှင်ကြီးသည် မပန်းဝါကို ဂရုဏာသက်စွာဖြင့် နှစ်သိမ့်၍

“ငါ့သမီး ဘာမှစိတ်မဆင်းရဲနဲ့၊ ဆရာမကြီးတို့နဲ့အတူ တစ်သက်လုံးနေလို့ရတယ်၊ ငါ့သမီးကို စာသင်ပေးမယ် ကျောင်းထားပေးမယ်”

ဟု ပြောလေရာ မပန်းဝါသည် ကွန်ဗင့်ကျောင်းသူဖြစ် ရတော့မည်ဆိုပြီး ဝမ်းသာဝမ်းနည်းဖြစ်ရ၏ ။

မပန်းဝါသည် မြန်မာစာကို ရေးတတ်ဖတ်တတ်ရှိသော်လည်း အင်္ဂလိပ်စာကို တစ်လုံးမျှ မတတ်ကျွမ်းချေ။ ကွန်ဗင့်ကျောင်း မတတ်မီ မပန်းဝါအား အင်္ဂလိပ်စာအခြေခံကို စတင်သင်ကြားပေးလေ၏ ။

မပန်းဝါသည် သီလရှင်များသင်ကြားပေးသော အင်္ဂလိပ်စာကို ကြိုးစားသင်ယူလေရာ မကြာမီ အင်္ဂလိပ်စာ အခြေခံကို တတ်ကျွမ်းခဲ့လေ၏ ။

မပန်းဝါသည် ဖခင်ကြီး၏ အမှုကိုလည်း တရားရုံးသို့သွားပြီး ကြားနာရလေ၏ ။ မပန်းဝါသည် ဖခင်ကြီး အတွက် ပူဆွေးသောကရောက်ရသော်လည်း အင်္ဂလိပ်စာကို ကြိုးစားသင်ယူနေရ၏ ။

ထိုသို့သင်ကြားနေစဉ်မှာပင် မပန်းဝါ၏ ဖခင်သည် လူသတ်မှုနှင့် တစ်ကျွန်းသို့ကျရောက်သွားလေ၏ ။

မပန်းဝါသည် ဖခင်အားတစ်ကျွန်းသို့ခေါ်ဆောင်သွားမည့်နေ့တွင် သင်္ဘောဆိပ်သို့ ဝမ်းပန်းတနည်းသွား ရောက်တွေ့ဆုံလေ၏ ။ဖခင်ကြီးသည် သီလရှင်ကြီးအား သမီးဖြစ်သူကို အပြစ်ရှိပါက ဆုံးမပါရန် အပ်နှံလေ၏ ။

မပန်းဝါသည် ဖခင်ကြီးကို ခေါ်ဆောင်သွားသော သင်္ဘောကြီးကို မျက်စိတဆုံးကြည့်၍ ငိုနေလေ၏ ။

သီလရှင်ကြီးသည် မပန်းဝါကို ချော့မော့၍ ခေါ်ဆောင်သွားလေ၏ ။

ထိုအချိန်မှစ၍ မပန်းဝါသည် သီလရှင်ကျောင်းဆရာမကြီး

မွေးစားခြင်းကို ခံရလေ၏ ။

မပန်းဝါသည် သီလရှင်ကျောင်းမှ ဖွင့်လှစ်ထားသော ကွန်ဗင့်ကျောင်း၌ ကျောင်းတက်ရသဖြင့် အင်္ဂလိပ် အမည် ဒိုင်ယာနာသို့ပြောင်းလဲလိုက်ရသည်။

မပန်းဝါသည် ဘဝနာသူဖြစ်သဖြင့် ကွန်ဗင့်၌ ကျောင်းကြိုးစားသင်ယူလေ၏ ။

မပန်းဝါသည် သီလရှင်များနှင့်အတူ နေထိုင်သော်လည်း သာသနာ့ဘောင်၌ ပျော်မွေ့ခြင်းမရှိချေ။

ဘာသာရေးနှင့်ပတ်သတ်သောစာပေများကိုလည်း ဖတ်ရှုရန် ဝါသနာမရှိပေ။

သီလရှင်ဆရာမကြီးက မပန်းဝါအား တစ်ချိန်တွင် သီလရှင် ဝတ်စေလိုသော ဆန္ဒရှိ၏ ။

ထို့ကြောင့် သီလရှင်များကဲ့သို့ စည်းကမ်းတကျနေထိုင်စေပြီး သာသနာစာပေများကိုလေ့လာစေ၏ ။

တစ်နေ့သ၌ သီလရှင် ဆရာမကြီးက မပန်းဝါကိုခေါ်၍

“ဒိုင်ယာနာကို တစ်နေ့ကျရင် သီလရှင်ဖြစ်စေချင်တယ်၊ သီလရှင်ဘဝနဲ့ သာသနာအကျိုးကို သယ်ပိုးစေ ချင်တယ် ”ဟု ပြောလေရာမပန်းဝါက သက်ပြင်းချ၍

“ကျွန်မ သီလရှင်မဝတ်လို့မရဘူးလား”ဟု မေးမြန်းလိုက်ရာ သီလရှင်ကြီးက သက်ပြင်းချ၍

“လူ့ဘဝဟာ ပူလောင်ပြင်းပြလွန်းပါတယ်၊ သာသနာ့ဘောင်ထဲမှာ နေပြီးဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ဆပ်စေချင်တယ်၊ ဒိုင်ယာနာဟာ ငယ်စဉ်ဘဝတစ်ခုလုံး ပင်ပန်းဆင်းရဲခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ် ဒိုင်ယာနာရဲ့ သဘောအတိုင်း ပါပဲ၊ ဒိုင်ယာနာကိုကျောင်းက မွေးမြူထားပေမဲ့ ဘာကိုမှ

မချုပ်နှောင်ထားပါဘူး၊ အရာရာတိုင်းဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပါပဲ”

ဟု ပြောလိုက်ရာ မပန်းပါသည် မိမိကို စေတနာမေတ္တာထား၍ ကျွေးမွေးပြုစုခဲ့သော သီလရှင်များကို ကျေးဇူးတင်၏။

သို့သော် သာသနာ့ဘောင်၌ သီလရှင်တစ်ဦးအဖြစ် အမှုထမ်းရန် ဆန္ဒမရှိချေ။ သူမသည် လူ့ဘောင်လောက၌ သာပျော်မွေ့သာပြီး လှုပ်ရှားရန်းကန်လို၏။နောက်ဆုံး၌ သီလရှင်ကြီးသည် မပန်းဝါအား သီလရှင်ဖြစ်ရန်ပါရမီ မပါသူဟုသာ မှတ်ယူလိုက်လေ၏။

***

သနေ့သ၌ မပန်းဝါအား ကျောင်း၌ ခေါ်ယူမွေးစားသော သီလရှင်ကြီး သေဆုံးသွားလေ၏ ။

ထိုအခါ သီလရှင်ကြီးနေရာသို့ ဆက်ခံမည့် လူသစ်တစ်ဦးရောက်ရှိလာ၏ ။

ထိုသီလရှင်ကြီးသည် မပန်းဝါကို အတင်းအဓမ္မ သီလရှင်ဘဝသို့ သွတ်သွင်းစေလို၏ ။

ထိုအခါ မပန်းဝါက သီလရှင်မဝတ်ကြောင်း အကြောက်အကန် ငြင်းဆန်လေ၏ ။

ထိုအခါ သီလရှင်ဆရာမကြီးသည် မပန်းဝါကို မကျေမချမ်းဖြစ်ပြီး ယနေ့မှစ၍ မပန်းဝါကို ဆက်၍ ကျွေးမွေးမထားနိုင်ကြောင်း ပြောဆိုပြီး ကျောင်းမှ မောင်းနှင်ထုတ်လေ၏ ။

မပန်းဝါသည် မာနကြီးသူဖြစ်သဖြင့် ကျောင်းမှ ထွက်ခွာရန် အထုပ်အပိုးပြင်လေ၏ ။

ထိုအခါ မပန်းဝါကို ဂရုဏာသက်သော သီလရှင်များက ဆရာမကြီးကို ဝိုင်းဝန်းတောင်းပန်ပြီး မပန်းဝါအား ကွန်ဗင့်ကျောင်း၏ ကျောင်းစာရေအလုပ်ကို လုပ်ကိုင်စေ၏ ။

မပန်းဝါသည် ကျောင်းစာရေးအလုပ်ကို လုပ်ကိုင်သဖြင့် လခရရှိလေ၏ ။

မပန်းဝါသည် ထိုလခနှင့်ပင် ကျောင်းတက်ရလေ၏။

မပန်းဝါ၏ နေထိုင်ရေးအတွက်မူ ကျောင်းကဆက်၍ တာဝန်ယူထားလေ၏။

မပန်းဝါကို ယခင်က ခေါ်ယူမွေးစားခဲ့သော သီလရှင် ဆရာမကြီးသည် လွန်စွာ တရားမျှတသူဖြစ်၏။

မပန်းဝါအား ကျောင်း၌ ခေါ်ယူမွေးစားခဲ့သော်လည်း ခရစ်ယာန်ဘာသို့ သွတ်သွင်းခြင်းမရှိချေ။

ဤသို့ဖြင့် မပန်းဝါသည် ကွန်ဗင့်ကျောင်းသူတစ်ဦးအနေဖြင့် တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်ခဲ့လေ၏။ သူမသည် ကွန်ဗင့်ကျောင်းမှ ဆယ်တန်းအောင်မြင်ပြီးနောက် ကျောင်း၌ ပင် ကျောင်းစာရေးမလုပ်၍ နေလေ၏။

မပန်းဝါသည်ရုပ်ရည်ချောမောလှပသဖြင့် ကျောင်းသူများအကြား၌ များစွာရေပန်းစားလေ၏။

ထို့ပြင် ကွန်ဗင့်ကျောင်းသူပီပီ အင်္ဂလိပ်စကားပြောဆိုရာတွင်လည်း ကပြားကများကဲ့သို့ပင် ကျွမ်းကျွမ်း ကျင်ကျင် ပြောဆိုတတ်သဖြင့် အများ၏ အထင်ကြီးခြင်းကိုခံရလေ၏။

တစ်နေ့တွင် အသက်အာမခံကုမ္ပဏီမှ မျက်နှာဖြူအရာရှိကြီးသည် ကွန်ဗင့်ကျောင်းသို့ မမျှော်လင့်ဘဲ ရောက် လာရင်ရောက်လာရင်း မပန်းဝါ၏ အင်္ဂစကား ကျွမ်းကျင်ပုံကို သဘောကျသွားလေ၏။

ထို့ကြောင့် မပန်းဝါ၏ အကြောင်းကို စုံစမ်းပြီး တွေ့ဆုံလိုကြောင်း ပြောကာ

"ဒိုင်ယာနာ အန်ကယ်တို့ရဲ့ အသက်အာမခံကုမ္ပဏီမှာ အလုပ်လုပ်ပါလား၊ ဒိုင်ယာနာရဲ့ သွက်လက် ချက်ခြာ ပုံကိုမြင်လို့

အန်ကယ်တို့အလုပ်နဲ့ လိုက်ဖက်တယ်လို့ထင်တယ်”

ဟုပြောလိုက်ရာ မပန်းဝါသည် မက်နှာဖြူအရာရှိကြီး၏။ စကားကြောင့် တွေဝေသွားလေ၏။ ထိုအခါ မျက်နှာဖြူအရာရှိကြီးက

“ဒိုင်ယာနာ အေးအေးဆေးဆေးစဉ်းစားပါ၊ အာမခံကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ဆန္ဒရှိရင် ရန်ကုန်ကို ဆင်းလာခဲ့ပါ”

ဟု ပြောပြီး မျက်နှာဖြူကြီး၏ လိပ်စာကတ်ကိုပေးပြီးထွက်ခွာသွားလေ၏။

မပန်းဝါသည် ထိုအချိန်မှစ၍ အသက်အာမခံကုမ္ပဏီ၌ လုပ်ကိုင်ရမည့်လောဟု စဉ်းစားနေမိ၏။

သူမသည် ကွန်ဗင့်ကျောင်း၌ စာရေးမအဖြစ် လုပ်ကိုင်ရသော အလုပ်ကို ငြီးငွေ့နေပြီဖြစ်၏။ ထိုအလုပ်သည် တက်လမ်းမရှိဟူ၍ လည်း ထင်မြင်မိ၏။

မပန်းဝါသည် အာမခံကုမ္ပဏီ၌ လုပ်ကိုင်မည့်အကြောင်း သူမနှင့် ခင်မင်သော သီလရှင်များအား ပြောပြလေရာ သီလရှင်များသည် တစ်ယောက်တစ်မျိုး အကြံဉာဏ်ပေးကြလေ၏။

မပန်းဝါသည် နောက်ဆုံး၌ ရန်ကုန်မြို့သို့သွားပြီး အသက်အာမခံကုမ္ပဏီ၌ လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်လေ၏။

ရန်ကုန်မြို့သို့သွားရန် သူမ၌ စုဆောင်းထားသော ငွေအနည်းငယ်ရှိ၏။

မပန်းဝါကို ခင်မင်သော သီလရှင်များကလည်း၄င်းတို့စုဆောင်းထားသော ငွေများကို လမ်းစရိတ် အဖြစ်ပေး ကြလေ၏။

မပန်းဝါ ရန်ကုန်သွားမည့်နေ့၌ ဘူတာသို့ သီလရှင်အချို့ လိုက်လံပို့ဆောင်ပေးကြပြီး သူမ၏ ခရီးလမ်းအတွက် ဝိုင်းဝန်းဆုတောင်းပေးကြ၏

။ ခဏကြာလျှင် မီးရထားကြီးသည် မီးခိုးတလူလူနှင့် ဘူတာမှထွက်ခွာသွားလေ၏ ။

သီလရှင်များသည် ဘူတာ၌ လက်တပြပြနှင့် ကျန်ရစ်ခဲ့လေ၏ ။ မပန်းဝါ၏ ဘဝခရီးကား အသစ်စတင်ချေပြီ။

***

မပန်းဝါသည် ရန်ကုန်မြို့သို့ရောက်သောအခါ မျက်နှာဖြူ အရာရှိကြီးပေးထားသော လိပ်စာအတိုင်း အာမခံကုမ္ပဏီသို့ သွားရောက်တွေ့ဆုံလေ၏ ။

မျက်နှာဖြူအရာရှိကြီးသည် မပန်းဝါကိုမြင်သောအခါ လှိုက်လှဲစွာကြိုဆို၏ ။

"ဒိုင်ယာနာ အန်ကယ်တို့ကုမ္ပဏီမှာ အလုပ်လုပ်မယ်လို့ မျှော်လင့်ထားပြီးသာပါ၊ ဒီနေ့ကစပြီး ဒိုင်ယာနာနရဲ့ ဘဝတက်လမ်းတွေ အများကြီးရှိသွားပြီ၊ ဒိုင်ယာနာ အလုပ်ဝင်ကာစမှာတော့ လခစာတစ်ပိုင်း ကော်မရှင်တစ်ပိုင်း လုပ်ရမယ်၊ လောလောဆယ်တော့ အသက်အာမခံကုမ္ပဏီနဲ့ပတ်သက်ပြီး သင်ကြားရမည်"

ဟု ဆိုကာ မပန်းဝါအား ဂျိုးဇက်ဆိုသည့် ကပြားအဘိုးကြီးထံသို့ အပ်နှံလိုက်လေ၏ ။

ဂျိုးဇက်ဆိုသော အဘိုးကြီးသည် အသက်အာမခံကုမ္ပဏီ၌ နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သော ဝန်ထမ်းဟောင်းကြီးဖြစ်၏ ။ ဂျိုးဇက်က မပန်းဝါကို သူ၏ အခန်းခေါ်၍

"ဒိုင်ယာနာရဲ့ ရုပ်ဆင်းသဏ္ဍာန်ကို မြင်တာနဲ့တစ်နေ့မှာ အသက်အာမခံအလုပ်နဲ့ အောင်မြင် ဖြစ်ထွန်းမဲ့သူဆိုတာ ကျုပ်အလိုလိုသိတယ်၊

ကြိုးစားပြီးသင်ယူပါ”

ဟုပြောလေရာ မပန်းဝါက ခေါင်းညိတ်၍

“ကျွန်မ ကြိုးစားပြီးသင်မှာပါ၊ ဘာကြောင့်လဲဆိုတော့ အသက်အာမခံဆိုတာ ဘာလဲဆိုတာတောင် ကျွန်မ မသိသေးဘူး” ဟု ပြောလိုက်၏။

ထိုအခါ ဂျိုးဇက်ဆိုသော ကပြားအဘိုးကြီးက ရယ်မော၍

“အာမခံလုပ်တယ်ဆိုတာ လောင်းကစားခြင်းတစ်မျိုးပဲ၊ ကျုပ်ကတော့ အသက်အာမခံကုမ္ပဏီဟာ မကောင်း မြင်စိတ်နဲ့ မကောင်း မြင်စိတ်ကြားကနေ အမြတ်အစွန်းထွက်အောင် လုပ်ရတဲ့အလုပ်လို့ ယူဆတယ်”

ဟုပြောလေရာ မပန်းဝါ အံ့ဩဟန်ဖြင့် ကြည့်၍

“ဒီလိုဆိုရင် ကျွန်မလုပ်ရမဲ့ အာမခံအလုပ်ဆိုတာ လောင်းကစားအလုပ်ပေါ့”

ဟု ရေရွတ်လေ၏။

ထိုအခါ အဘိုးကြီးဂျိုးဇက်က ရယ်မော၍

“ဟားဟားဟား. . .သိပ်ဟုတ်တာပေါ့ကွာ၊ အာမခံအလုပ်ဆိုတာ ကမ္ဘာပေါ်မှာ တရားဝင်ခွင့်ပြုထားတဲ့ လောင်းကစားအလုပ်ပဲ၊ ဒိုင်ယာနာ စဉ်းစားကြည့်လေ၊ ဒီနှစ်အတွင်းမှာ ဒိုင်ယာနာက ကိုယ့်ကိုယ်ကို သေမယ်ဆိုပြီး အသက်အာမခံထားတယ်၊ အာမခံကုမ္ပဏီထားတယ်၊ အာမခံကုမ္ပဏီကတော့ ဒီနှစ်တွင် ဒိုင်ယာနာကံစိုးမိုး မှောင်ကျပြီး သေဆုံးခဲ့ရင် ကုမ္ပဏီက အလျော်ပေးတယ်၊ ဒါပေမယ့် လောကကြီးမှာ ကောင်းခြင်းနဲ့မကောင်းခြင်း၊ ကောင်းခြင်းက များပြားနေလို့လားမသိဘူး၊ ဒီနေ့အထိ ကမ္ဘာပေါ်မှာ အသက်အာမခံကုမ္ပဏီကြီးတွေ တဖြည်းဖြည်းကြီးထွားလာတယ်၊ အာမခံကုမ္ပဏီကြီးတွေရဲ့ အမြတ်အစွန်းဟာ ဒေါ်လာသန်းပေါင်းများစွာရှိ တယ်ကွ၊

နှစ်ပေါင်း ရာနဲ့ချီပြီးတည်တံ့နေတဲ့ အာမခံကုမ္ပဏီကြီးတွေ ရှိနေတာကို ထောက်ရှုပြီးတော့ ကမ္ဘာပေါ်မှာကောင်းခြင်းတွေပဲ များပြားနေတယ်လို့ ဆိုနိုင်တယ်။ အာမခံကုမ္ပဏီကြီးတွေဟာ လူတွေရဲ့အသက်ကိုသာမကဘူး ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုချင်းအလိုက်လဲ အာမခံထားတယ်၊ အဖိုးတန် အိမ်၊ ကား၊ ရွှေ၊ ငွေ၊ လက်ဝတ်ရတာ နာတွေကိုလဲ အပေါင် အဖြစ်ထားတယ်၊ နောက်ပြီးမှ ဘာမှအဘိုးမတန်တဲ့ ချိတ်တုံးလေးတစ်လုံးကိုတောင် အာမခံအဖြစ် လက်ခံကြတယ်၊ ဘာပဲဖြစ်ဖြစ် အာမခံကုမ္ပဏီကြီးတွေကတော့ နှစ်စဉ်အမြတ်အစွန်းထွန်နေတာပေါ့ကွာ”

ဟုပြောလရာ မပန်းဝါသည် အဘိုးကြီးဂျိုးဇက်၏ စကားကို အလွန်စိတ်ဝင်စားနေမိ၏ ။ မပန်းဝါက

“လူတွေဟာ ဘာဖြစ်လို့ ပိုက်ဆံအကုန်ခံပြီး အာမခံထားကြတာလဲ”

ဟုပြောလေ၏ ။ ထိုအခါ ဂျိုးဇက်ဆိုသော အဘိုးကြီးက

“စိုးရိမ်သောကကြောင့်ပေါ့ကွာ၊ လူသားတိုင်းမှာ စိုးရိမ်ထိတ်လန့်မှုရှိတယ်၊ ကိုယ့်ရဲ့ ပိုင်ဆိုင်မှုလေးတွေ ပျက်စီးပျောက်ဆုံးသွားမှာကြောက်ရွံ့ကြတယ်၊ ဒါကြောင် အာမခံကုမ္ပဏီတွေမှာ အာမခံထားကြတယ်။ ဒါပေမယ့် သူတို့ယူဆထားသလို ဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့တာနည်းပါတယ်၊ ဒါကြောင့်လဲ ဒီနေ့အထိ အသက်အာမခံ ကုမ္ပဏီတွေ ရှင်သန်မှုရှိနေတာပေါ့၊ ဘာပဲဖြစ်ဖြစ် အသက်အာမခံထားတယ်ဆိုတာ ကောင်းပါတယ်ကွာ၊ ကိုယ့်ဘအတွက် အာမခံချက်တစ်ခုရှိနေတာပေါ့”

ဟုပြောလေ၏ ။ ဂျိုးဆက်ဆိုသောအဘိုးကြီးသည် မပန်းဝါအား အသက်အာမခံနှင့်ပတ်သက်သော အတတ် ပညာများကို နေစဉ်သင်ပြပေးလေ၏ ။

“ဒီမှာ ဒိုင်ယာနာ၊ အသက်အာမခံရဖို့ ကြိုးစားတဲ့နေရာမှာ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို မကျဆင်းစေနဲ့၊ ကိုယ့်ရဲ့ ဖောက်သည်ကိုလဲ

အကျပ်အတည်းမဖြစ်စေနဲ့၊ အာမခံကို ဂုဏ်သိက္ခာရှိရှိနဲ့ရဖို့ကြိုးစားပါ၊ ငါ့အမြင်တော့ ဂုဏ်သိက္ခာမရှိဘဲ ရတဲ့အာမခံစာ တန်ဖိုးမရှိဘူး။ အချို့သောလူတွေဟာ သူတစ်ပါးကို အားနာလောက်အောင် ပြောပြီး အသက်အာမခံရဖို့ မြူဆွယ်ကြတယ်၊ သူတို့စာ ကိုယ့်ကော်မရှင်ရဖို့ပဲ အရေးထားတယ်၊ သူတစ်ပါးက အောင့်သက်သက်နဲ့ အာမခံထားလိုက်ရတယ်ဆို နားမလည်ဘူး"

ဟု သင်ကြားပေးလေ၏ ။

ထိုသို့ သင်ကြားပေးပြီး သုံးလပြည့်သောနေ့၌ ဂျိုးဇက်က

"ဒီနေ့ ဒိုင်ယာနာကို အသက်အာမခံနဲ့ပတ်သက်တဲ့ပညာရပ်တွေသင်ကြားပေးတာ (၃)လရှိပြီ။ မနက်ဖြန်ကစပြီး ဒိုင်ယာနာလက်တွေ့လုပ်ငန်းခွင်ဝင်ပြီး ကြိုးစားရတော့မယ်၊ ဒိုင်ယာနာ(၃)ရက်အတွင်း အာမခံဖောက်သည် တစ်ယောက်ရဖို့ ကြိုးစာရတော့မယ်၊ (၃)ရက်ပြည့် လို့မှ အာမခံထားဖို့ ဖောက်သည်တစ်ယောက်မှမရဘူးဆိုရင် ဒိုင်ယာနာကို အာမခံကုမ္ပဏီမှာ အလုပ်မခန့်နိုင်တော့ဘူး"

ဟုပြောလေ၏ ။ မပန်းဝါသည် အဘိုးကြီးဂျိုးဇက်၏ စကားကြောင့် ထိတ်လန့်သွားပြီး။

"ရှင်. . . သုံးရက်အတွင်း အာမခံထားဖို့လူတစ်ယောက်ရှာရမယ်ဟုတ်လား၊ ကျွန်မက ရန်ကုန်မြို့ကို ရောက်တာမှ ၃-လပဲရှိသေးတယ်၊ ရန်ကုန်မှာလဲ အသိအကျွမ်းမရှိဘူး၊ အာမခံဖောက်သည်ရဖို့ ဘယ်လိုရှာရမှာလဲ"

ဟုရေရွတ်လေ၏ ။ ထိုအခါ အဘိုးကြီးဂျိုးဇက်က မပန်းဝါမျက်နှာညှိုးငယ်နေကြောင်း ရိပ်စားမိသွားပြီး

"ဒီလောက်လဲ စိတ်ဓာတ်ကျမနေပါနဲ့ ဒိုင်ယာနာ၊

အသက်အာမခံကုမ္ပဏီမှာ အလုပ်ဝင်ကာစလူတွေ လုပ်သလိုပဲလုပ်ပါ”

ဟုပြောလေရာ မပန်းဃါက အဘိုးကြီးကိုကြည့်၍

“ကျွန်မ ဘယ်လိုလုပ်ရမှာလဲ”

ဟုမေးမြန်းလေ၏ ။ အဘိုးကြီးက သက်ပြင်းချ၍

“အာမခံကုမ္ပဏီမှာ ဝန်ထမ်းအသစ်တစ်ယောက်ဟာ အာမခံဖောက်သည်တစ်ယောက်ရဖို့မလွယ်ဘူး၊ ဒါကြောင့် ဆွေမျိုးရင်းချာတွေမှာ အကူအညီတောင်းပြီး ကုမ္ပဏီမှာ ဖောက်သည်စာရင်းပြလေ့ရှိတယ်”

ဟု ပြောလေ၏ ။

မပန်းဝါသည် အဘိုးကြီးဂျိုးဇက်၏ စကားကြောင့် ခေါင်းခါယမ်း၍

“အန်ကယ်ပြောသလို မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မှာ ကျွန်မဆွေမျိုး တစ်ယောက်မှမရှိဘူး”

ဟု ပြောလေ၏ ။ မပန်းဝါ၏ စကားကြောင့် အဘိုးကြီးဂျိုးဇက်က ကရုဏာသက်ဟန်ဖြင့် ကြည့်၍

“ဒါဆိုရင်လဲ ကိုယ့်အားကိုယ်ကိုးပေတော့ ဒိုင်ယာနာရေ”

ဟုပြောလိုက်လေ၏ ။ မပန်းဝါသည် အဘိုးကြီးဂျိုးဇက်ထံမှ အာမခံနှင့်ပတ်သက်သော ပညာရပ်များကို သင်ကြားပြီးနောက် ထိုပညာရပ်များသည် မိမိ၏ ဗီဇနှင့်များစွာ ကိုက်ညီကြောင်း သတိပြုမိလေ၏ ။

မိမိ၏ သွက်လက်ချက်ချာသော အပြုအမူကို အရင်းတည်၍ အာမခံဖောက်သည်များ ရရှိအောင် ကြိုးပမ်းရပေတော့မည်။

မပန်းဝါသည် ကျောက်မြောင်းရပ်ကွက်အတွင်းရှိ မိန်မပျိုများစု၍ နေသော အဆောင်သို့ပြန်လာပြီးနောက် (၃)ရက်အတွင်း

အသက်အာမခံတစ်ခုရအောင် မည်သို့ကြိုးစားရမည်နည်းဟု တွေးတောနေလေ၏။

မပန်းဝါတစ်ယောက်တည်း ငြိမ်သက်နေစဉ် အနီးသို့ မြမြဆိုသည့် မိန်းကလေးရောက်ပြီး

“မပန်းဝါတစ်ယောက်တည်း ဘာတွေတွေးနေတာလဲ”

ဟုမေးမြန်းလေရာ မပန်းဝါက အသက်အာမခံကုမ္ပဏီမှ ခိုင်းစေလိုက်သော အလုပ်ကိုပြောပြလိုက်လေ၏။

မပန်းဝါ၏ စကားဆုံးသောအခါ မြမြက ရယ်မော၍

“ဒါများ ပန်းဝါရယ်၊ ပန်းဝါရဲ့ ရုပ်ရည်နဲ့ဆိုရင် ဘယ်ယောကျ်ားက ငြင်းမှာလဲ၊ ယောကျ်ားလေးတစ်ယောက်ကို ရှာပြီး အာမခံထားဖို့ စည်းရုံးလိုက်ပါ”

ဟုပြောလေရာ မပန်းဝါသည် ခေါင်းညိတ်လိုက်ပြီး

“ဟုတ်တယ်၊ ငါ့အနေနဲ့ ယောကျ်ားလေးတစ်ယောက်ဆီမှာ ကြိုးပမ်းရင် ပိုပြီး အဆင်ပြေနိုင်တယ်”

ဟုဆိုကာ မိမိ၌ ရှိသော အကောင်းဆုံးအဝတ်အစားများကို ဝတ်ဆင်၍ အငှားကားတစ်စီးကို ငှားရမ်းကာ ရန်ကုန်မြို့ထဲသို့ ထွက်ခဲ့လေ၏။

မပန်းဝါသည် ဆူးလေဘုရားလမ်းထောင့်သို့ရောက်သောအခါ အငှားကားကို ကွန်တင်နင်တယ်ဟိုတယ် အနီး၌ ရပ်ခိုင်းက ဟိုတယ်အတွင်းသို့ ဆင်မယဉ်သာဟန်ဖြင့် လျှောက်လှမ်းသွားလေ၏။

ထိုအခါ ဟိုတယ်အတွင် ပုရိသယောကျ်ားများသည် မပန်းဝါ၏ ကိုယ်လုံးအလှကို မျက်တောင်မခတ် တန်းကြည့်ရှုကြ လေ၏။

မပန်းဝါ၏ ရုပ်လက္ခဏာသည် ယောကျ်ားများ တစ်ကြိမ်ကြည့်မိသည်နှင့် နောက်တစ်ကြိမ်မကြည့်ဘဲ မနေနိုင်သောရုပ်ရည်မျိုးဖြစ်လေ၏။ ထို့ပြင် သူမ၏ ကိုယ်လုံးကိုယ်ပေါက်မှာ အနောက်တိုင်းသူ အချိုးအစာဖြစ်ပြီး ဝတ်စား

ဆင်ထင်ပုံမှာလည်း ထိုခေတ်ကလွန်စွာခေတ်မြီသော ဇာပါးအကျႌကို ဝတ်ဆင်ထားသဖြင့် ခေတ်ရှေ့ပြေးသည် ဟု ဆိုနိုင်၏ ။

မပန်းဝါ၏ တင်သားများမှ မို့မောက်စွင့်ကားပြီး ယောကျ်ားများ သက်ပြင်းအခါခါ ချရသော အနေအထားမျိုးဖြစ် သည်။ မပန်းဝါသည် ဟိုတယ်အတွင်းရှိ စားပွဲတစ်လုံး၌ ဝင်ထိုင်ပြီး ကော်ဖီနှင့်ကိတ်မုန့်များကို မှာယူစားသောက်ရင်း ပုရိသယောကျ်ားများကို အကဲခတ်နေလေ၏ ။ ထိုသို့ အကဲခတ်ရင်း စားပွဲတစ်လုံ၌ ဥရောပဝတ်စုံကို ကျနစွာဝတ်ဆင်၍ ထိုင်နေသော အသက်လေးဆယ်ဝန်းကျင်ယောကျ်ားတစ်ဦးကို သတိပြုမိလိုက်၏ ။

ထိုယောကျ်ားသည် ဟိုတယ်အတွင်းရှိ ယောကျ်ားများအနက် အသားနားဆုံးယောကျ်ား တစ်ယောက်ဖြစ်၏ ။ မပန်းဝါသည် ထိုယောကျ်ားနှင့်တစ်ကြိမ် နှစ်ကြိမ် မျက်လုံးချင်းဆုံကြည့်လိုက်ရာ ထိုသူ၏ မျက်လုံးများသည် နှစ်လိုဟန်ဖြင့် အရောင်တောက်ပသွားကြောင်း သတိပြုမိလိုက်လေ၏ ။

မပန်းဝါသည် ခဏကြာလျှင် ထိုင်ရာမှထ၍ ထိုလူ၏ စားပွဲရှိရာသို့ လွန်စွာကြည့်ကောင်းအောင် လျှောက်လှမ်း သွားပြီး

"အစ်ကို . . .ကျွန်မ ထိုင်မယ်နော်"

ဟု ချိုသာသော အသံလေးနှင့် ဆိုလိုက်လေ၏ ။

မပန်းဝါ၏ တောင်းဆိုမှုကြောင့် ထိုသူသည် ဖော်ရွေသော အမူအရာဖြင့်

"ထိုင်ပါဗျာ၊ ထိုင်ပါ"

ဟု ပြောလေ၏ ။ မပန်းဝါသည် ထိုသူအရှေ့ရှိ ထိုင်ခုံ၌ ဝင်ထိုင်လိုက်ပြီး

"လူ့ဘဝဆိုတာ အလွန်တန်ဖိုးရှိပါတယ်အစ်ကို"

ဟု ဆိုလိုက်ရာ ထိုသူသည် မပန်းဝါကို အံ့သြဟန်ဖြင့် ကြည့်လိုက်၏ ။

မပန်းဝါက ဆက်လက်၍

“ဒီနေ့ခေတ်ကြီးမှာ လူ့အသက်ကို ရန်ရှာနိုင်တဲ့အန္တရာယ်တွေ အများကြီးပဲနော်၊ မြို့ထဲမှာ လျှောက်သွားရင်း ကားတိုက်ပြီး သေနိုင်သလို ရေထဲမှာလဲ သင်္ဘောနစ်ပြီး သေနိုင်သေးတယ်၊ နောက်ပြီးတော့ လူ့အသက်ကိုရန်ရှာနိုင်တဲ့ အန္တရာယ်တွေလဲ အများကြီးပဲနော်၊ ဥပမာ-ပုလိပ်ရောဂါတို့၊ ကာလသားဝမ်းရောဂါတိုလိုပေါ့”

ဟု ဆိုပြီး ထိုသူအား ညှို့မျက်ဝန်းများဖြင့် ကြည့်လိုက်လေ၏။ ထိုသူက မပန်းဝါကို အငမ်းမရ ပြန်ကြည့်၍

“ညီမပြော သိပ်မှန်တယ်၊ ကျုပ်အသက်ကို ရန်ရှာမဲ့ အန္တရာယ်တွေအများကြီးပဲ”

ဟု ထောက်ခံလိုက်လေ၏။ မပန်းဝါသည် မိမိ၏ အကွက်အတွင်းသို့ ထိုသူဝင်လာမှန်းသိသဖြင့် ထိုသူ၏ ဓနအင်အားကို အကဲစမ်းလိုသဖြင့်

“အစ်ကိုက ဘာအလုပ်လုပ်သလဲဟင်”

ဟုမေးမြန်းလိုက်ရာ ထိုသူက ရင်ကိုကော့၍

“အစ်ကိုက ရွှေဆိုင်ပိုင်ရှင်လေ၊ ပုဇွန်တောင်မှာ အစ်ကို့ရဲ့စေလိုရာစေဆိုတဲ့ ရွှေဆိုင်ကြီးကို မသိသူမရှိဘူး၊ ညီမလေး ကြားဖူးတယ်မဟုတ်လား”

ဟုမေးမြန်းလိုက်ရာ မပန်းဝါသည် ရွှေဆိုင်ကို မကြားဘူးသော်လည်း

“ကြားဖူးတာပေါ့ရှင်၊ အစ်ကိုရဲ့ရွှေဆိုင်က ရန်ကုန်မြို့မှာ မသိသူမှမရှိတာ”

ဟု မြှောက်ပင့်ပြောဆိုလိုက်ရာ ထိုသူကို အထင်ကြီးဟန်ဖြင့် ကြည့်၍

“အစ်ကို ဟိုတယ်မှာ စားသောက်ပြီးရင် အိမ်ကိုဘာနဲ့ပြန်မှာလဲ”

ဟု မေးမြန်းလိုက်ရာ ရွှေဆိုင်ပိုင်ရှင်ဆိုသူက

"ဟဲဟဲ. . .အစ်ကိုက နယ်နယ်ရရလူမှမဟုတ်တာ၊ သူများလို လန်ချားဘယ်စီးပါ့မလဲ၊ အစ်ကိုပိုင်တဲ့ စတူဘေကာကားကြီးစီး ပြန်မှာပေ့ါ"

ဟု ခပ်ကြွားကြွားဖြေလေ၏။ မပန်းဝါက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

"အစ်ကိုရဲ့ စတူဘေကာကားကြီးကို ဘတ်စ်ကားကြီးက ဝင်တိုက်သွားရင်လဲ အစ်ကိုရဲ့ အသက်အန္တရာယ်ကို ထိခိုက်နိုင်တာပဲနော်"

ဟုဆိုလိုက်ရာ ထိုသူက အူကြောင်ကြောင်ဖြင့်

"ဒါပေ့ါ ညီမရယ်"

ဟုထောက်ခံလေ၏။

မပန်းဝါသည် ရွှေဆိုင်ပိုင်ရှင်ကိုလူကြွားအား မိမိ၏ အာမခံထောင်ချောက်အတွင်းသို့ သွတ်သွင်းရန် အချိန်ကျ သဖြင့်

"ကျွန်မက မကောင်းတဲ့အနိဋ္ဌာရုံတွေကို အမိပ္ပာယ်မရှိလာပြောနေတယ်လို့ မထင်ဘူးလားရှင်၊ တကယ်တော့ ကျွန်မတို့ မြန်မာစကားမှာ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီမှာ သေခြင်းတရားနဲ့ ကြုံတွေ့နိုင်တယ်ဆိုတဲ့ စကားလည်းရှိပါတယ်။

ဒါကြောင့် မမြဲလှတဲ့ လူ့ဘဝကြီးမှာ ကျွန်မ ခင်မင်တဲ့အစ်ကိုရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးချင်လို့ပါ"

ဟု ပြောလိုက်ရာ ရွှေဆိုင်ပိုင်ရှင် လူကြွားက မပန်းဝါ၏ မျက်နှာကို အံ့သြဟန်ဖြင့်ကြည့်၍

"အစ်ကိုရဲ့အသက်အန္တရာယ်ကို ညီမက ကာကွယ်ပေးမယ် ဟုတ်လား၊ ဘယ်လိုကာကွယ်မှာလဲ ညီမရယ်၊ အစ်ကိုတော့ နားမလည်တော့ဘူး"

ဟုပြောလေ၏။ မပန်းဝါက ထိုအခါမှပင် ကိုလူကြွားအား ပြလေ၏။

မပန်းဝါသည် ချစ်စဖွယ်ကောင်းသော အမူအရာလေးနှင့် ကိုလူကြွားအား ရှင်းလင်းပြလေရာ ကိုလူကြွားအား အသက်အာမခံနှင့်ပတ်သက်သော သဘောများကို ရှင်းလင်းပြလေ၏။

မပန်းဝါသည် ကိုလေကြွားထံမှ အသက်အာမခံကို ရရှိလိုက်သဖြင့် စိတ်အားတက်ကြွသွားပြီး ကိုလူကြွား၏ တိုက်နှင့်ကားကို အာမခံထားရန် ချိုသာသောအသံဖြင့် ဆက်လက်စည်းရုံးရာ ထိုသူက မပန်းဝါကို သဘောကျဟန်ဖြင့် ကြည့်၍

"ညီမကတော့ အစ်ကို့အပေါ်မှာ စေတနာသိပ်ကောင်းတာပဲနော်၊ ညီမ စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ တိုက်နဲ့ကားကိုလဲ အာမခံထားမယ်ဗျာ"

ဟု ဆိုလိုက်ရာ မပန်းဝါသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ရွှေဆိုင်ပိုင်ရှင် ကိုလူကြွား၏ ဆန္ဒကို လိုက်လျောသည့် အနေဖြင့် ဘုံဘေရက်စတော့ရင်၌ နေ့လယ်စာကို လိုက်စားခဲ့လေ၏။ နေ့လယ်စာစားပြီးနောက် ထိုသူက

"ငါ့ညီမ အပြောကောင်းတာနဲ့ အစ်ကိုတော့ အာမခံ ၃ခုထားလိုက်ပြီ၊ အစ်ကို အိမ်ပြန်ရောင်ရင်တော့ အိမ်က မိန်းမ ကပ်စေနည်းကြီးနဲ့ စကားများရန်ဖြစ်တော့မှာ သေချာတယ်၊ ညီမတို့ကုမ္ပဏီမှာ အိမ်ထောင်ရေးအာမခံတွေ ဘာတွေ မရှိဘူးလား၊ အိမ်က မိန်းမကြီးနဲ့ စကားများရန်ဖြစ်ပြီး အိမ်ထောင်ကွဲရင် အလျော်အစားလေးရချင်လို့ပါ"

ဟုပြောလိုက်ရာ မပန်းဝါသည် သဘောကျဟန်ဖြင့် ရယ်မောလိုက်လေတော့၏။

***